## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## (၃၁) ရက်မြောက်နေ့အစီအစဉ်

## ( ၂၈ – ၇ –၂၀၂၆ ) ( အင်္ဂါနေ့) နေ့လယ် ၁၃:၃၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးကောင်းသက်စံ၊ သီပေါမဲဆန္ဒနယ်၏ **သီပေါတံတားအား မည်သို့မည်ပုံ စည်းစနစ်ဖြင့် ဒေသခံပြည်သူများ၊ ဒေသတွင်း ကား၊ ဒေသအတွင်း ကုန်စည်စီးဆင်း ဖြတ်သန်းသွားလာခွင့် ပြုပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးစောမောင်၊ ဆားလင်းကြီးမဲဆန္ဒနယ်၏ **ပယ်ဖျက်ခဲ့သော ဥပဒေ(၅)ချက်ကို မူလဥပဒေများအတိုင်း ပြန်လည် အတည်ပြုပေးရန်နှင့် မူးယစ်ဆေးများ ပပျောက်သွားရန် မူလအတိုင်း ပြင်းထန်စွာ အရေးယူခြင်းဥပဒေအား ပြန်လည်ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးငြိမ်းထွေး၊ အင်းစိန်မဲဆန္ဒနယ်၏ **အင်းစိန်မြို့နယ်တွင် မြေငှားဂရန် ခွင့်ပြုမိန့်ရရှိရေး ဆောင်ရွက်မည့် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါ်ခင်နီနီအောင်၊ ကော့ကရိတ်မဲဆန္ဒနယ်၏ **ကော့ကရိတ်မြို့နယ်၊ နဘူးနှစ်ခြားကျေးရွာတွင် မီးသတ်စခန်း တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးစောမောင်၊ ဆားလင်းကြီးမဲဆန္ဒနယ်၏ **ပညာအရည်အချင်း ပိုမိုမြင့်မားလိုလျှင် မိခင်ဘာသာစကားဖြင့် ပြောင်းလဲသင်ယူနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဒေါ်စမ်းစမ်းဌေး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်၏ **ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် သင်ကြားနိုင်ရေးအတွက် ဥပဒေနှင့်အညီ အဆင့်တိုးမြှင့်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးစိုးဝင်း၊ မိုးညှင်းမဲဆန္ဒနယ်၏ **မိုးညှင်း ခုတင် (၁၀၀)ဆံ့ ဆေးရုံအား ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဦးတင်ရွှေ၊ ရွှေတောင်မဲဆန္ဒနယ်၏ **ရွှေတောင်မြို့တွင် တိုင်းရင်းသမားတော် ဆေးကုသဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၁) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၂) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။